**Civil Disobedience Movement တွင် နိုင်ငံတစ်ဝှမ်းမှ ပြည်သူ့ဝန်ထမ်းကောင်းများနှင့်အတူ ပါဝင်ဆောင်ရွက်လျက်ရှိသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ဝန်ထမ်းများ၏ သဘောထားထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၂၁)**

၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အများပြည်သူတို့၏ဘဝ သာယာဝပြောရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိပြီး အများပြည်သူ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရမည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ကောင်းမြတ်သည့်စိတ်စေတနာ၊ ကောင်းမြတ်သည့်ကိုယ်ကျင့်တရားတို့ဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန် အစဉ်ကြိုးစားဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါသည်။

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၉ နှင့်အညီ တည်ကြည်ဖြောင့်မတ်ပြီး သမာသမတ်ရှိသော ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က ရွေးချယ်ခန့်အပ်ခဲ့၍ ကော်မရှင်သည် ယင်းဥပဒေပုဒ်မ ၇(ခ)အရ နိုင်ငံတော်သမ္မတအား တာဝန်ခံ၍ ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်စွာရပ်တည်နိုင်မှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ မျှတမှု၊ အားလုံးပါဝင်နိုင်မှု စသည့် ကော်မရှင်၏ ကျင့်ဝတ်အခြေခံမှုများကို လက်တွေ့လိုက်နာ ကျင့်သုံးဆောင်ရွက်လျက် ရှိပါသည်။

၃။ နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ကောင်းမြတ်သည့်စိတ်စေတနာ၊ ကောင်းမြတ်သည့်ကိုယ်ကျင့်တရားတို့ဖြင့် ကာကွယ်စောင့်ရှောက်လျက်ရှိသော ကော်မရှင်နှင့် ကော်မရှင်ရုံးတွင် ကော်မရှင်ဥပဒေပုဒ်မ ၇၀ အရ ပြည်သူ့ဝန်ထမ်းများအဖြစ် ကျွန်တော်၊ ကျွန်မတို့သည် မိမိရာထူးနှင့်လျော်ညီစွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို တရားဝင် လုပ်ငန်းတာဝန်ချိန်တွင်သာမက အချိန်ပိုများဆင်း၍ မိမိစွမ်းဆောင်နိုင်သည်ထက်ပို၍ ကြိုးစားလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် တာဝန်ကျေပွန်ခဲ့ပါသည်။

၄။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး၌ မြန်မာပြည်သူတစ်ရပ်လုံး၏ ဒီမိုကရေစီနည်းလမ်းတကျ ဆန္ဒမဲ ပေးခဲ့ကြသော ရွေးကောက်ပွဲရလဒ်အား မျက်ကွယ်ပြုကာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တရားဥပဒေမဲ့ လက်နက်အားကိုး အဓမ္မအာဏာသိမ်းခဲ့သည့် စစ်အာဏာရှင်ဦးဆောင်သည့် စစ်ကောင်စီလက်အောက်တွင် ဆက်လက်တာဝန်ထမ်းဆောင်လိုခြင်းမရှိပါသဖြင့် ၈-၂-၂၀၂၁ ရက်နေ့မှစတင်၍

ကျွန်တော်၊ ကျွန်မတို့သည် နိုင်ငံတစ်ဝှမ်းမှ ပြည်သူ့ဝန်ထမ်းကောင်းများနှင့်အတူ Civil Disobedience လှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး ယင်းသို့ ပါဝင်ဆောင်ရွက်မှုသည် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀(ဆ)အရ ပါတီနိုင်ငံရေးဆောင်ရွက်ခြင်းမဟုတ်ဘဲ ယင်းဥပဒေပုဒ်မ ၁၀(ဂ)အရ တရားဥပဒေစိုးမိုးရေးကို ရှေးရှုလျက် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ခြင်းဖြင့် ပြည်သူ့ဝန်ထမ်းကောင်းတို့၏ တာဝန်နှင့်ဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်ခြင်းသာ ဖြစ်ပါသည်။

၅။ ယခုအခါ ပြည်သူ့အသံကိုနားထောင်၍ ပြည်သူတို့နှင့်တစ်သားတည်း ရပ်တည်လျက်ရှိသော ကျွန်တော်၊ ကျွန်မတို့အား ကော်မရှင်ရုံးမှ စစ်ကောင်စီသစ္စာခံများက အကြိမ်ကြိမ် ဖုန်းဆက်၍ မှတ်တမ်းရယူခြင်း၊ သတိပေးခြင်း၊ ဝန်ထမ်းဥပဒေအပြင် အခြားတည်ဆဲဥပဒေများနှင့် အရေးယူနိုင်ကြောင်း ခြိမ်းခြောက်ခြင်း၊ CDM က ထိရောက်မှုရှိမည် မဟုတ်ကြောင်း စိတ်ဓာတ်ကျအောင် ပြောဆိုခြင်း၊ အမျိုးသား/သမီးဝန်ထမ်းအဆောင်များသို့ လာရောက်၍ ရုံးတက်ရောက်ရန် နေ့စဉ်နေ့တိုင်း ပြောဆိုစည်းရုံးခြင်း၊ မိသားစုနောက်ကြောင်း လိုက်မည်ဟုပြောဆို၍ အထိတ်တလန့်ဖြစ်စေခြင်း၊ အမျိုးသမီးအပျိုဆောင်တွင် အတူနေထိုင်သည့် CDM တွင် မပါဝင်သော ဝန်ထမ်းများမှ တစ်ခါတည်း နှင်ချရမှာဟု စောင်းမြောင်းပြောဆိုခြင်း၊ CDM ပါဝင်သူ ဝန်ထမ်းများကြောင့် ကော်မရှင်၏ ပုံရိပ်ကျဆင်းသည်ဟု စွပ်စွဲပြောဆိုခြင်း၊ ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းစစ်ဆေးခြင်း တို့ကြောင့် ကျီးလန့်စာစားဖြစ်ရသည့်အပြင် သက်ဆိုင်ရာဝန်ထမ်းအသီးသီးသို့ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း နိုင်ငံတော်ပုန်ကန်သူများအလိုကျ အကြောင်းကြားလာသောကြောင့် ကျွန်တော်၊ ကျွန်မတို့အနေဖြင့် မိမိတို့ကော်မရှင်အား များစွာ စိတ်ပျက်လျက်ရှိပါသည်။

၆။ သို့ဖြစ်ပါ၍ ကျွန်တော်၊ ကျွန်မတို့သည် ကော်မရှင်ကျင့်ဝတ်အား နှလုံးမူ၍ အလုပ်လုပ်နေကြသော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်သည့်အားလျော်စွာ ပြည်သူက ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့အစိုးရအဖွဲ့အစည်းလက်အောက်တွင်သာ တာဝန်များကို ပြန်လည် ထမ်းဆောင်သွားမည်ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့သို့ မည်သည့်ထွက်ဆိုချက် တစ်စုံတစ်ရာမျှ လူကိုယ်တိုင်လာရောက်ခြင်းဖြင့်ဖြစ်စေ၊ ဖုန်းဖြင့် ဖြစ်စေ၊ စာဖြင့် ဖြစ်စေ ပေးလိမ့်မည် မဟုတ်ကြောင်း အသိပေးထုတ်ပြန်ကြေညာအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး**

**CDM ဝန်ထမ်း( ၈၅) ဦး**